၇၅ နှစ်မြောက် ဆရာတော်အသျှင်ဦးဥတ္တမနို့အား ရှိသေလေးမြတ်စွာ ဦးညွှတ်ဂါရဝပြုအပ်ပါသည်။

The Arakan International

The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# ဘဏ်သုံးဝေါဟာရများ

*(ဝေါဟာရတိုင်း၏ နောက်နားတွင် အသံထွက်အား ကွင်းထဲ၌တွဲဖက်လျက် အနီးစပ်ဆုံးရေးသားထားပါသည်။ English အခြေခံနည်းပါးသူများ အတွက် တစ်စုံတစ်ရာ အထောက်အကူပြုစီရန် စေတနာတရား၊ ရည်သန်ထား၍ ရေးသားတင်ပြခြင်းဖြစ်ပါသည်။ ကျေးဇူးတင်ပါသည်။)*

**Bank Account** (ဘန့်ခ်အခေါင့်ထ်) ဘဏ်စာရင်း။ 'ဘဏ်အကောင့်' ဟုခေါ်ဆိုသည့် ဘဏ်စာရင်းသည် တစ်စုံတစ်ဦးမှ ဘဏ်တွင်ဖွင့်လှစ်ထားဟိသည့် ဘဏ်မှတ်တမ်း ပင် ဖြစ်သည်။ ဘဏ်စာရင်းတစ်ခုတွင် အရေးအကြီးဆုံးသိဟိထားရန်မှာ သက်ဆိုင်ရာ ဘဏ်စာရင်းပိုင်သျှင်၏ **နာမည်** နှင့် **အကောင့်နံပါတ်** ရှိဖြစ်သည်။

**Balance** (ဘားလန့်စ်) သင့်ဘဏ်စာရင်း (အကောင့်) တွင်ဟိသည့် ငွေကြေးပမာဏ။ ဘဏ်တွင် စုဆောင်းထားဟိသည့် သင့်လက်ဟိဖေသာ။

**Credit** (ခရက်ဒိ) ပုံမှန်အားဖြင့် Credit သည် သင်ချေးသုံးသော (သို့မဟုတ်) ချေးငှါးသုံးစွဲနိုင်သော ငွေကြေးကိုဆိုလိုသည်။ ဥပမာ သင်သည် စတိုးတစ်ခုတွင် စျေးဝယ်ပြီး ဖေသာပီးရန်ဟိသောအခါ ဖေသာငွေသားကိုမပီးပဲ ကဒ်တစ်ခုခုကို အသုံးပြုရန်ဟိသောအခါ အရောင်းစာရေးမှ 'Debit or Credit?" ဟု မိန်းလေ့ဟိပါသည်။ ဆိုလိုသည်မှာ သင်ဖေသာပီးချီမည့်ကဒ်သည် သင့်တွင်စုဆောင်းထားဟိသောဖေသာ Debit ထဲမှပီးဖို့လား (သို့မဟုတ်) ဖေသာထုတ်ချေးသည့်ကုမ္ပဏီ (Credit Company) တခုခုမှရယူထားဟိသည့်ဖေသာချေးကဒ် Credit Card ထဲမှပီးဖို့လား ဟု မိန်းခြင်း ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် အသုံးအများဆုံးသော ခရက်ဒိ ကုမ္ပဏီ (ခရက်ဒိကဒ်) များမှာ VISA, Master, Discover နှင့် American Express စသည် ရှိဖြစ်ကတ်ပါသည်။

**Debit** (ဒဲဗိထ်) Debit သည် သင့်ဘဏ်ကဒ်ထဲတွင် သုံးစွဲရန်အဆင်သင့်ဟိနီသော ဖေသာပင်ဖြစ်သည်။

**Debit Card** (ဒဲဗိခ့်ခါ့ဒ်) ဒဲဗိကဒ်။ သတ်မှတ်ထားသော (သို့မဟုတ်) စုဆောင်းထားဟိသည့် သင့်ငွေကြေးအား ထုတ်ယူသုံးစွဲရန်အဆင်သင့်ဟိနီသည့်ကဒ်။ ဥပမာ ဘဏ်အကောင့်နှင့်တွဲဖက်လျှက်ဘဏ်မှထုတ်ပီးထားသောကဒ်၊ အေတီအမ်ကဒ် နှင့် Link ကဒ်များသည် Debit Card များပင်ဖြစ်သည်။

**Deposit** (ဒဖိုးဇ်(ထ်)) ငွေသွင်းသည်။ ငွေသွင်းခြင်း။ ချက်လက်မှတ်တစ်ခုခုအားလည်းကောင်း၊ ငွေသားပမာဏတစ်ခုခုကိုလည်းကောင်း မိမိ၏ ဘဏ်စာရင်း (ဘဏ်အကောင့်) ထဲသို့ ထည့်သွင်းခြင်းကို Deposit (ဒဖိုးဇိထ်) လုပ်သည် ဟု ခေါ်သည်။

*ဆက်လက်ဖေါ်ပြပါမည်*

**ကျေးဇူးတင်ပါသည်။ အားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဟိကတ်ပါစီ။ ။**